## **စက်တင်ဘာလ ၂၃ ရက်၊ ၂၀၁၅ တွင်ပြုလုပ်မည့် အစီရင်ခံစာ မိတ်ဆက်ပွဲအစီအစဉ်ဖိတ်ကြားလွှာ**

အာရှတရားမျှတမှုနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့ (AJAR) မှ ၎င်း၏ အစီရင်ခံစာဖြစ်သော **"ဖွင့်နေသောသေတ္တာ - မြန်မာပြည်ရှိ စစ်ပွဲ၊ ငြိမ်းချမ်းရေးနှင့် ပြစ်ဒဏ်မှကင်းလွတ်ခွင့်တို့ကို ဖြတ်သန်းလာခဲ့သော အမျိုးသမီးများ၏ အတွေ့အကြုံများ"** အစီရင်ခံစာမိတ်ဆက်ပွဲအစီအစဉ်သို့ တက်ရောက် ပါရန်ဖိတ်ကြားအပ်ပါသည်။

ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံရှိ ရန်ကုန်မှ အမျိုးသမီးနိုင်ငံရေးအကျဉ်းသားများ၊ ကရင်နှင့် ကချင် ပြည်နယ်ရှိ ပဋိပက္ခဖြစ်ပွားရာ ဒေသတို့မှ မွေးဖွားကြီးပြင်းခဲ့သော အမျိုးသမီး (၂၉) ဦးတို့၏ အကြောင်းအရာ တို့ကို စုစည်းတင်ပြထားသည်။ ဤစာစောင် သည် ပူးပေါင်းပါဝင်ခြင်း နည်းလမ်းကိုအသုံးပြုပြီး အင်ဒိုနီးရှား၊ တီမောလက်စ်တီနှင့် မြန်မာနိုင်ငံတို့မှ အမျိုးသမီး (၁၄၀) ဦးတို့အား AJAR မှ သုတေသန ပြုထားခြင်းကိုဖော်ပြ ထားသည်။ မြန်မာနိုင်ငံနှင့်ဆက်စပ်ပြီး AJAR ၏ အဓိကရှာဖွေတွေ့ရှိချက်တို့ကိုတင်ပြထားခြင်း၊ AJAR ၏ ပူးပေါင်းပါဝင်ခြင်းနည်းလမ်းအထူးပြုသုတေသနချည်းကပ်နည်း တို့ကို မိတ်ဆက်ပေးခြင်းနှင့် အမှန်တရား၊ တရားမျှတမှုနှင့် အကြမ်းဖက်မှုမှအသက်ရှင်ကျန်ရစ် သူအမျိုးသမီးတို့အား လျော်ကြေးများပေးခြင်း စသည်တို့ကိုဖြေရှင်းပေးသော အကြံပြု ချက် တို့ကို ဤစာစောင်တွင် ဖော်ပြထားသည်။

ဤစာစောင်သည် အာရှတရားမျှတမှုနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့ (AJAR) နှင့်အတူ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)၊ ကရင်အမျိုးသမီးစွမ်းရည်မြှင့်တင်ရေးအဖွဲ့နှင့် အမျိုးသမီးအဖွဲ့များကွန်ယက် (မြန်မာ) တို့ ပူးတွဲထုတ်ဝေခြင်းဖြစ်သည်။

ဤမိတ်ဆက်ပွဲ အစီအစဉ်တွင် AJAR, KWAT, KWEG နှင့် WON ကိုယ်စားလှယ်များမှ အစီရင်ခံစာ နှင့် သုတေသနမှ ထွက်ရှိလာသော ရလဒ်များနှင့် အကြံပြုချက်များကို တင်ပြ သွားမည်ဖြစ်ပါသည်။

---

| | |
|---|---|
| နေ့ရက် - | **၂၃ စက်တင်ဘာလ ၂၀၁၅ (ဗုဒ္ဓဟူးနေ့)** |
| အချိန် - | နံနက် ၁၀ နာရီ – ညနေပိုင်း ၁၂ နာရီ ၃၀ မိနစ် |
| နေရာ - | **House of Memories,** အမှတ် ၂၉ ဝ၊ ဦးဝိဇာရ လမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်၊ Tel: ၀၁-၅၂၅၁၉ ၅ ၊ ၀၁-၅၃၄၂၄၂ |

အစီအစဉ်အကျဉ်း

- ဆွေးနွေးသူများမှ တင်ပြခြင်း
- မေးခွန်းများနှင့် ဖြေကြားခြင်းအစီအစဉ်

မှတ်ချက်- အစီအစဉ်ကို မြန်မာနှင့်အင်္ဂလိပ်ဘာသာဖြင့် ပြုလုပ်မှာဖြစ်ပြီး ဘာသာပြန်ထားရှိမည်ဖြစ်သည်။

---

အချက်အလက်ပိုမိုသိလိုပါက shkawng@asia-ajar.org, +95 (0) 925-4413-447 သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။